# ကမ္ဘာ့အရပ်ဘက်ကာကွယ်ရေးနေ့

၁။ ကမ္ဘာ့အရပ်ဘက်ကာကွယ်ရေးနေ့တွင် ကမ္ဘာတစ်ဝှမ်းရှိ အရပ်ဘက်အဖွဲ့အစည်း များ၏ အရေးပါသော လုပ်ဆောင်ချက်များကို ဂုဏ်ပြုအပ်ပါသည်။ ယခုနှစ် ကမ္ဘာ့အရပ်ဘက်ကာကွယ်ရေးနေ့ ဆောင်ပုဒ်မှာ “သူရဲကောင်းများကို ဂုဏ်ပြု၊ လုံခြုံရေးကိုလည်း မြှင့်တင်” ဖြစ်ပါသည်။ အကြမ်းဖက်စစ်ကောင်စီ၏ မတရားအာဏာသိမ်းမှုကြောင့် ပေါ်ပေါက်လာခဲ့ရသည့် မြန်မာ့ နွေဦးတော်လှန်ရေးကြီးတွင် စိတ်အားထက်သန်စွာ ပါဝင်နေကြသော သူရဲကောင်းများနှင့် နွေဦး တော်လှန်ရေးကြီးအတွင်း နိုင်ငံအတွက် အသက်ပေးလှူသွားခဲ့သည့် သူရဲကောင်းများကို အလေးပြု ဦးညွှတ်အပ်ပါသည်။

၂။ မြန်မာနိုင်ငံတွင် လက်ရှိဖြစ်ပေါ်နေသော နိုင်ငံရေးအကျပ်အတည်းကို တုံ့ပြန်ရာတွင်လည်း အရပ်ဘက် အဖွဲ့အစည်းများက သက်ဆိုင်ရာအခန်းကဏ္ဍမှ ပါဝင်လျက်ရှိကြသည်ကိုလည်း တွေ့မြင်ရပါသည်။ ဤကမ္ဘာ့အရပ်ဘက်ကာကွယ်ရေးနေ့တွင် မြန်မာနိုင်ငံနှင့် ကမ္ဘာတစ်ဝှမ်းရှိ အရပ်ဘက် ကာကွယ်ရေးအဖွဲ့အစည်းများ၏ အရေးကြီးသော ပံ့ပိုးကူညီမှုများကို အသိအမှတ်ပြုပါသည်။ နိုင်ငံတကာအနေဖြင့်လည်း မြန်မာနိုင်ငံရှိ အရပ်ဘက် ကာကွယ်ရေး အဖွဲ့ အစည်းများအား အရေးကြီးသော လုပ်ငန်းများကို ဆက်လက်ထမ်းဆောင်နိုင်စေရေး အတွက် ကူညီပံ့ပိုးပေးရန် လိုအပ်ပါသည်။

၃။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက် အာဏာသိမ်းပြီးချိန်မှစ၍ တိုင်းပြည်သည် စစ်အုပ်ချုပ်ရေး အောက်တွင် ရှိနေခဲ့ပြီး ၎င်းတို့အား ဆန့်ကျင်သည့် ပြည်သူများ၊ လူပုဂ္ဂိုလ်များ၊ အရပ်ဖက် အဖွဲ့အစည်းများကို စစ်တပ်မှ လူမဆန်စွာအကြမ်းဖက်နှိမ်နင်းလျက် ရှိပါသည်။ ထို့ကြောင့် ပြည်သူများ အပါအဝင် တော်လှန်ရေး ရဲဘော်များ၊ တော်လှန်ရေးဘက်တော်သားများ အနေဖြင့် စစ်အာဏာရှင် တွန်းလှန်ရေး လုပ်ငန်းစဉ်များတွင် မိမိတို့၏ လုံခြုံရေးကို ဦးစားပေး၍ လုပ်ဆောင်စေလိုပါသည်။ ဒစ်ဂျစ်တယ် လုံခြုံရေးကဲ့သို့သော တတ်မြောက်ထားသင့်သည့် အရာများကို လေ့လာဆည်းပူးကာ လုံခြုံရေးအခြေအနေများကို အမြဲမပြတ်စောင့်ကြည့်သင့် ကြောင်းလည်း အသိပေး၊သတိပေးလိုပါသည်။